# မြန်မာနိုင်ငံရှိ
# အွန်လိုင်း
# နှောင့်ယှက်မှုများ

မသင့်လျော်သော
စာတိုများပေးပို့ခြင်း
နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ
အချက်အလက်များတင်ရန်
ခြိမ်းခြောက်မှုများသည် အဖြစ်
အများဆုံးသောအွန်လိုင်း
နှောင့်ယှက်
မှုများဖြစ်သည်။

# ပုံ ၁

# လွန်ခဲ့သော၁၂လအတွင်း အောက်ပါတို့ကို သင်တွေ့ကြုံခဲ့ဖူးပါသလား။




n - အရေအတွက်=၄၀၃

အမျိုးသမီးဖြေကြားသူများ၏ ၅၈%သည် မသင့်လျော်သောစာတိုများကို လက်ခံရရှိဖူးပြီး အမျိုးသားဖြေကြားသူများထဲတွင် ၄၆%ရှိသည်။

အဖြစ်အပျက်အများအပြားမှာ ဓာတ်ပုံများကိုအလွဲသုံးစားပြုမှုများဖြစ်သည်။

စစ်တမ်းဖြေကြားသူများ၏၃၀%က သူတို့၏ဓာတ်ပုံများကို အားလုံးတွေ့နိုင်ကြောင်းပြောကြားခဲ့ ပြီး အခြားသူအများအပြားမှာ သူတို့ပုံများကို မြင်တွေ့နိုင်သူအကန့်အသတ်ရှိကြောင်း (သို့) အားလုံးမမြင်နိုင်ကြောင်း ပြောကြားခဲ့ ကြသည်။

တချို့သူစိမ်းတွေက လိုင်းပေါ်မှာ ကျွန်မကို လာအပ်ပြီး သူတို့ပုံတွေလာပို့ကြတယ်။ ကျွန်မကတော့ ကျွန်မနဲ့အရင်ကသိခဲ့ဖူးတဲ့သူ ဖြစ်မှာပေါ့လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ သိပ်မကြာဘူး သူက ကျွန်မကို မင်းတစ်ယောက်တည်းဖြစ်နေရင် ငါတို့တွေ့ရအောင်လေ ဆိုတာမျိုးတွေ ပို့လာတယ်။ ကျွန်မ သူ့ကို ကျွန်မသားနဲ့ကျွန်မဓာတ်ပုံပို့ပြီး ကျွန်မမှာအိမ်ထောင်ရှိတယ်လို့ ပြောလိုက်တယ်။...အဲဒီတော့ သူက ကျွန်မရဲ့ဂုဏ်သိက္ခာကိုထိခိုက်စေတဲ့ ညစ်ညမ်းပုံတွေပြန်ပို့တယ်။



အမျိုးသမီး၊
၃၅နှစ်၊ SEC D၊ ရန်ကုန်

တစ်ယောက်ယောက်က ကျွန်တော့်ပုံကို တခြားကောင်မလေးတစ်ယောက်နဲ့တွဲပြီး ဖိုတိုရှော့ လုပ်တယ်။ အဲဒါက ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူနဲ့တွဲရိုက်ပြီး တင်ထားတဲ့ပုံကိုလုပ်ထားတာ။ ဒါပေမဲ့ ဖိုတိုရှော့လုပ်ထားတဲ့ပုံမှာက တခြားကောင်မလေးတစ်ယောက်နဲ့ ဖြစ်နေတယ်။



အမျိုးသား၊
၂၂နှစ်၊ SEC A၊ ရန်ကုန်

# ပုံ ၂ သင့်ရဲ့ဓာတ်ပုံတွေနဲ့ဗွီဒီယိုတွေကို အွန်လိုင်း ပေါ်ကတခြားသူတွေမြင်နိုင်ပါသလား။



မိသားစုပုံတစ်ပုံကို ကျွန်မတင်လိုက်တယ် [ဖေ့စ်ဘွတ်ခ်ပေါ်မှာ]။ အဲဒီတော့ ကျွန်မမှာ လင်နဲ့သားနဲ့မှန်းသူတို့သိသွားတာပေ့ါ။



အမျိုးသမီး၊
၃၅နှစ်၊ SEC C၊ ရန်ကုန်

ကိုယ်လုံးပြည့်ပုံတွေ [ကျွန်မ တင်ခဲ့တယ်]၊ ခေါင်းပိုင်း ဒါမှမဟုတ် ခန္ဓာကိုယ်အပေါ်ပိုင်းလောက်ပဲ တင်ဖြစ်တယ်... ကိုယ်လုံးပြည့်ပုံတွေကို ဖိုတိုရှော့နဲ့ပြင်ရတာပိုလွယ်တယ်လို့ ကျွန်မကြားဖူးတယ်။



အမျိုးသမီး၊
၂၅နှစ်၊ SEC B၊ ရန်ကုန်

# အွန်လိုင်း နှောင့်ယှက်မှု ကိုတုံ့ပြန်ခြင်း

# ပုံ ၃

# အွန်လိုင်းနှောင့်ယှက်မှုကိုတွေ့ကြုံရသော အခါ သင်ဘာလုပ်သလဲ။




အွန်လိုင်းနှောင့်ယှက်မှုကို တုံ့ပြန်မှုများ
(တွေ့ကြုံရသော စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း)

# ပုံ ၄ အွန်လိုင်းနှောင့်ယှက်မှုကို ဘယ်လိုတုံ့ပြန်ပါသလဲ။




အွန်လိုင်းနှောင့်ယှက်မှုအပေါ်တုံ့ပြန်မှုများ

တစ်ယောက်ယောက်က ကျွန်တော့်ရဲ့သူငယ်ချင်းရဲ့ဓာတ်ပုံကိုယူပြီးတော့ သူ(မ) ဆီကနေ ငွေညှစ်တယ်။ အဲဒီပုံကို ညစ်ညမ်းအကောင့်တစ်ခုနဲ့တင်လိုက်မယ်လို့ အဲဒီလူကပြောတယ်။ သူက တစ်သိန်းတောင်းတာ။ သူ(မ)က ပိုက်ဆံမပေးဘဲနဲ့ အကောင့်ကိုဖျက်လိုက်ပြီး နောက်အကောင့်သစ်တစ်ခုဖွင့်လိုက်တယ်။



အမျိုးသား၊
၂၁နှစ်၊ SEC C၊ ရန်ကုန်

ကျွန်မ သူတို့ကို ကျိန်ဆဲပြီးတော့ ဘလော့လိုက်တယ်။



အမျိုးသမီး၊
၂၂နှစ်၊ SEC C၊ ရန်ကုန်

ကျွန်မသူငယ်ချင်းကို အကောင့်တစ်ခုကလာအပ်တယ်။ အဲဒီအကောင့်က သူ့နာမည်နဲ့ သူ့ပုံနဲ့။ အဲဒီတော့ သူလည်း အဲဒါအကောင့်တုမှန်းသိသွားပြီး အဲဒီအကြောင်းကို လိုင်းပေါ်တင်လိုက်တယ်။ အဲဒီအကောင့်ကို ဝိုင်းပြီးရီပို့တ်ထုပေးဖို့ ဖေ့စ်ဘွတ်ကသူငယ်ချင်းတွေကိုပြောလိုက်တယ်။ ပြီးတော့ အဲဒီအကောင့်လည်းပျောက်သွားရော။



အမျိုးသမီး၊
၂၅နှစ်၊ SEC B၊ ရန်ကုန်

ကျွန်မကို ဖိုက်ဘာကနေ စိတ်ညစ်စရာကောင်းတဲ့ စာတွေပို့တဲ့တစ်ယောက်ရှိတယ်။ ကျွန်မ သူ့ဖုန်းနံပါတ်ကို ဘလော့လိုက်တော့ နောက်နံပါတ်တစ်ခုနဲ့ စာတွေထပ်ပို့တယ်။ အဲဒီလူတစ်ယောက်တည်းကနေပဲ နံပါတ်လေးငါးခုလောက် ဆက်တိုက်ပို့တယ်။ သူ့မှာ ဖုန်းတွေပေါ်နေတယ်ထင်တယ်။ အဲဒါကြောင့် ကျွန်မ အဲဒီနံပါတ်ကိုမသုံးတော့ဘဲ ဆင်းကတ်ကိုထုတ်ပစ်လိုက်တယ်။



အမျိုးသမီး၊
၂၅နှစ်၊ SEC B၊ ရန်ကုန်

ကျွန်တော့်အကောင့် အဟက်ခံလိုက်ရတယ်။ အဲဒီလူက ကျွန်တော့်ကို သူ့အတွက် ဖုန်းဘေလ်၅၀၀၀(ကန်ဒေါ်လာ ၃.၇) ဖြည့်ခိုင်းတယ်။ ကျွန်တော်ဖြည့်ပေးလိုက်တော့ ကျွန်တော် အကောင့်ကိုပြန်ရသွားတယ်။



အမျိုးသား၊
၂၁နှစ်၊ SEC A၊ ရန်ကုန်

ကျွန်တော့်ရည်းစားဟောင်းက ကျွန်တော့်ကို ဖေ့စ်ဘွတ်ကနေ ငွေညှစ်တယ်။ ကျွန်တော့်ရဲ့ ဝတ်လစ်စားလစ်ပုံတွေနဲ့ ကျွန်တော့်ကို ခြိမ်းခြောက်တယ်။ အဲဒီပုံတွေကို ညစ်ညမ်းဝက်ဘ်ဆိုက်တွေမှာ တင်လိုက်တယ်။ ကျွန်တော် သူ့ကို အဲဒီပုံတွေဖယ်ပေးဖို့ပြောတော့ သူကငြင်းတယ်။ ကျွန်တော် ရဲကိုတိုင်လိုက်တယ်။... သူတို့ပါဝင်လာကြတယ်။



အမျိုးသား၊
၂၀နှစ်၊ SEC D၊ ရန်ကုန်

# ဒစ်ဂျစ်တယ်စွမ်းရည်

# ပုံ ၅ ဖုန်းကိုဘာအတွက်အသုံးပြုတာလဲ။ (မိုင်ဘိုင်းဖုန်းအသုံးပြုသူရာခိုင်နှုန်း)

| | ကျေးလက် | မြို့ပြ | မြန်မာတစ်နိုင်ငံလုံးစုစုပေါင်း |
|---|---|---|---|
| ခေါ်ဆိုရေးအက်ပလီကေးရှင်းများ (ဥပမာ ဗိုက်ဘာ၊ စကိုက် စသဖြင့်) | ၁၅% | ၃၃% | ၂၄% |
| စာတိုတွေပို့ပြီးစကားပြောဖို့ (ဥပမာ ဝှပ်ဆက်ပ်၊ ဝီချက်၊ ဖေ့စ်ဘွတ်မက်ဆင်ဂျာ၊ လိုင်း စသဖြင့်) | ၁၂% | ၂၇% | ၂၀% |
| ဖေ့စ်ဘွတ်အပလီကေးရှင်းကိုသုံးဖို့ (ဘာရောင်းဆာကနေမဟုတ်ဘဲ) | ၁၀% | ၂၄% | ၁၇% |
| အီးမေးလ်အတွက် | ၂% | ၁၀% | ၁၆% |
| တခြားမိုဘိုင်းအပလီကေးရှင်းတွေကို ဒေါင်းလုဒ်ဆွဲ/သုံးဖို့ | ၇% | ၂၀% | ၁၃% |
| ဗွီဒီယိုကြည့်ဖို့ | ၄% | ၁၆% | ၁၀% |
| ဝီကီပီးဒီးယားအပလီကေးရှင်းကိုသုံးဖို့ (ဘာရောင်းဆာကနေမဟုတ်ဘဲ) | ၂% | ၅% | ၃% |

အုပ်စု- စစ်တမ်းဖြေဆိုသူအားလုံး

ကိုးကား - ဂယ်လ်ပယာ၊ ဩဂုတ်စ်၊ ၂၀၁၅

## ပုံ ၆ ဒစ်ဂျစ်တယ်စွမ်းရည် (လုပ်ငန်းဆောင်တာများကို သူတို့ကိုယ်တိုင် (သို့) အကူအညီနဲ့ ပြီးအောင်လုပ်နိုင်သောမိဘိုင်းဖုန်းပိုင်ရှင်ရာခိုင်နှုန်း)




ကိုးကား - ဂယ်လ်ပယာ၊ ဩဂုတ်စ်၊ ၂၀၁၅

စစ်တမ်းဖြေဆိုသူတချို့သည် ဖေ့စ်ဘွတ် သုံးလျှင် လျှို့ဝှက်နံပါတ်လိုအပ်မှုန်း သတိမမူမိကြပါ။ သတင်းအသစ်များကို ပုံမှန်သာ တက်ခွင့်ပေးထားတတ်သည်။ ထို့အပြင် စစ်တမ်းဖြေဆိုသူ အများအပြားသည် သူတို့၏ လျှို့ဝှက်နံပါတ်များကို မေ့လျော့သွားကြသည်။ လျှို့ဝှက်နံပါတ်အသစ် ပြန်လည်ပြုလုပ်ရမည့်အစား နောက်ထပ်အကောင့်သစ်တစ်ခုကိုဖွင့်လိုက်ကြသည်။

ကျွန်မ လျှို့ဝှက်နံပါတ်မသုံးဘူး။ ကျွန်မဖုန်းနံပါတ်နဲ့ အကောင့်သစ်ဖွင့်လိုက်တယ်။ ကျွန်မ လျှို့ဝှက်နံပါတ်အသစ်တစ်ခါမှမပြောင်းဖူးဘူး။အကောင့်သစ်ပဲချက်ချင်းပြောင်းလိုက်တာ။



အမျိုးသမီး၊
၁၈နှစ်၊ SEC C၊ မြစ်ကြီးနား

# ဖေ့စ်ဘွတ်
# အတွက်
# အကျင့်ကောင်းများ

၁။ လုံခြုံရေးဆက်တင်အကြောင်းကိုပိုမိုလေ့လာပါ

(က) လျှို့ဝှက်နံပါတ်ရှိရမယ်

(ခ) လျှို့ဝှက်နံပါတ်ကို အသစ်တင်ရမယ်

(ဂ) လျှို့ဝှက်နံပါတ်ကို လုံခြုံစွာထိန်းသိမ်းထားပါ

(ဃ) တခြားကိရိယာတွေကနေကိုယ့်အကောင့်ထဲကိုဝင်ရောက်မှုရှိမရှိစောင့်ကြည့်ပါ

(င) လျှို့ဝှက်နံပါတ်ပြန်လုပ်ခြင်း

(စ) အဆင့်၂ဆင့်ဖြင့် အတည်ပြုခြင်း

(ဆ) အပိုလုံခြုံရေးရွေးချယ်မှုတွေအကြောင်း

၂။ ပုဂ္ဂိုလ်ရေးဆက်တင်(Privacy Setting)အကြောင်းပိုမိုလေ့လာပါ

(က) သင့်ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေ(ဖုန်းနံပါတ်၊ အီးမေးလ်၊ အိမ်လိပ်စာ၊ အလုပ်နေရာ၊ ကျောင်း စသဖြင့်)ကို ဘယ်သူတွေမြင်နိုင်လဲပြန်ကြည့်ပါ

(ခ) သင့်ရဲ့ဓာတ်ပုံ/ဗွီဒီယိုတွေကို ဘယ်သူတွေမြင်နိုင်လဲပြန်ကြည့်ပါ

(ဂ) သင့်ရဲ့ပို့စ်တွေ ဒါမှမဟုတ် တိုင်းမ်လိုင်းဖြစ်ရပ်တွေကို ဘယ်သူတွေမြင်နိုင်လဲ ပြန်ကြည့်ပါ

(ဃ) သင့်ရဲ့ဝေါလ်/တိုင်းမ်လိုင်းမှာ ဘယ်သူတွေ မှတ်ချက်လာရေးလို့ရလဲပြန်ကြည့်ပါ

(င) ပို့စ်တွေမှာ သင့်ကို ဘယ်သူတွေ တက်ဂ်တွဲလို့ရလဲပြန်ကြည့်ပါ

(စ) သင့်ကိုဘယ်သူတွေလာအပ်လို့ရလဲပြန်ကြည့်ပါ

(ဆ) သင့်ရဲ့စာတိုပို့ခြင်းရွေးချယ်မှုတွေကို ပြန်ကြည့်ပါ

# တခြားအက်ပလီကေးရှင်းများ/ ဝန်ဆောင်မှုများအတွက် အလေ့အကျင့်ကောင်းများ

၁။ သင့်ရဲ့ဖုန်းဆက်တင်အကြောင်းကို လေ့လာပါ

၂။ အက်ပလီကေးရှင်းတွေမှာ
လုံခြုံရေးဆက်တင်ကိုလေ့လာပါ

၃။ အကောင့်ကိုဘယ်လိုပြန်ရအောင်လုပ်ရမလဲလေ့
လာပါ

၄။ ဖုန်းထဲကအချက်အလက်တွေကို
ဘယ်လိုဖျက်ပစ်ရမလဲလေ့လာပါ

ပြီးခဲ့တဲ့နှစ်က ကျွန်တော် ဖေ့စ်ဘွတ်ကိုဘယ်လိုသုံးရမှန်းမသိခဲ့ဘူး။ ကျွန်တော့်ချစ်သူက ကျွန်တော့်အတွက်အဲဒါလုပ်ပေးတယ်။ ကျွန်တော် ဘာလျှို့ဝှက်နံပါတ်မှလဲမသိခဲ့ဘူး။ သူ ကျွန်တော့်ကို သစ္စာဖောက်ပြီး လမ်းခွဲသွားတယ်။ ဒါပေမဲ့ ကျွန်တော် သူငယ်ချင်းတွေဆီက အကူအညီရပြီး ကျွန်တော့်လျှို့ဝှက်နံပါတ်ကို ပြောင်းလိုက်တယ်။



အမျိုးသား၊
၁၉နှစ်၊ SEC D၊ ရန်ကုန်

ကျွန်တော် ဖေ့စ်ဘွတ်မှာ လုံခြုံရေးကိုဖွင့်ထားပြီးသား၊ တခြားကိရိယာတွေကနေ ဘယ်သူမှဝင်လို့မရဘူး၊ ဖေ့စ်ဘွတ်က ကျွန်တော့်ဆီကနေ အတည်ပြုကုတ်နံပါတ်တောင်းတယ်။ တချို့တွေ ကျွန်တော့်ကိုဟက်ဖို့ကြိုးစားကြတယ်၊ ဒါပေမဲ့ ဟက်လို့မရဘူး။



အမျိုးသား၊
၃၅နှစ်၊ SEC A၊ ရန်ကုန်

Design: Yin Maung
yinmaung.me@gmail.com

Design: Yin Maung